2024-05-24

# Dunaire Elementary မူလတန်းကျောင်း၏ ကမ္ဘာလှည့်လည် ဖျော်ဖြေလျက်ရှိသော ဂီတပညာရှင် ကျောင်းသားများသည် နိုင်ငံတစ်ဝှမ်း စင်မြင့်များ နှင့် တီဗီအစီအစဉ်များဆီမှ အိမ်ဖြူတော်အထိသို့ တက်လှမ်းတောက်ပနိုင်ခဲ့

အချို့သောသူများသာ လန်ဒါ၊ ပဲရစ် သို့မဟုတ် အီတလီသို့ လည်ပတ်ဖူးပေမည် သို့မဟုတ် နိုင်ငံတစ်ဝှမ်းပြသသော တီဗီအစီအစဉ်တစ်ခုအတွင်း အစမ်းပါဝင်ယှဉ်ပြိုင်ဖူးပေမည်။ Ms. Chelsea Cook ၏ ကျောင်းသားများမှာမူ ဤအခွင့်အရေးများကို ရရှိခဲ့ဖူးပေသည်။

Ms. Cook သည် Dunaire Elementary မူလတန်းကျောင်းမှ အမျှော်အမြင်ရှိလှသော ဂီတ ဆရာမတစ်ဦး ဖြစ်ပါသည်။ 2011 တွင် သူသည် ကျောင်းသား ပတ္တလားအဖွဲ့ အား ဖွဲ့စည်းခဲ့သည်။ ၎င်းအချိန်ကတည်းကစတင်၍ပင် ပတ္တလားအဖွဲ့သည် အိမ်ဖြူတော် နှင့် Midwest Clinic နိုင်ငံတကာ ဂီတအဖွဲ့ နှင့် သံစုံတီးဝိုင်း ပွဲတော် ကဲ့သို့သော အထင်ကရ နေရာများနှင့် ဥရောပတခွင်တွင် လှည့်လည်ဖျော်ဖြေခဲ့ပါသည်။

"အခုထိကို မယုံနိုင်လောက်အောင်ပါပဲ။ တကယ်ကို စိတ်လှုပ်ရှားဖို့ကောင်းပြီး၊ ကျွန်မရဲ့ ကျောင်းသားတွေအတွက် ပိုပြီးတော့တောင် စိတ်လှုပ်ရှားမိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့အားလုံးဟာ မိသားစုတစ်စု ဖြစ်လို့ပါပဲ၊" ဟု Ms. Cook မှ ဆိုသည်။ "ကျွန်မရဲ့ ကျောင်းသားတွေနဲ့ ကျွန်မရဲ့ ကြားမှာ ဆက်နွယ်မှုတစ်ခုရှိပြီး၊ ဒါဟာ တကယ်ကို ထူခြားတဲ့ ချည်နှောင်ရစ်ပတ်မှုတစ်ခုပါပဲ။ ဒီအရာကို ကျွန်မတို့အတူတကွ တွေ့ ကြုံခံစားနိုင်ခဲ့တဲ့အတွက် ကျွန်မ ဝမ်းသာမိပါတယ်။"

ဤအစမ်းပါဝင်ယှဉ်ပြိုင်မှုအပြီးနောက်တွင် Ms. Cook သည် မကြာသေးမီက The Kelly Clarkson Show အစီအစဉ်အတွင်း ပါဝင်ခဲ့ပေသည်။ မြတ်ဆရာဂုဏ်ပြုပွဲ ရက်သတ္တပတ်အတွင်း Ms. Cook သည် "အတန်းတွင်း အကောင်းဆုံး (Best in Class)" အဖြစ် အသိအမှတ်ပြုခံခဲ့ရပြီး၊ Scholastic ထံမှ $5,000 နှင့် Kelly ထံမှ $5,000 တို့အား သူမကိုယ်တိုင် လက်ခံရရှိခဲ့သည်။ Dunaire Elementary မူလတန်းကျောင်း၏ ကျောင်းအုပ်ဖြစ်သူ Dr. Sean Deas ၏ အဆိုအရမူ စာသင်ကျောင်း၏ အသစ်သော စာအုပ်စက်အတွက် စာအုပ်များ ဝယ်ယူရန် နှင့် ရသစာပေနှင့် ရသမဟုတ်သော အခြားစာပေများမှတစ်ဆင့် ကျောင်း၏ မတူကွဲပြားသော လူမှုအသိုင်းအဝိုင်းအား ပံ့ပိုးထောက်ပံ့သွားဖို့ရန် ရန်ပုံငွေများအား အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

"ဒီစာအုပ်တွေဟာဆိုရင် တစ်ဦးချင်း သင်ယူလေ့လာမှု၊ မိမိကိုယ်တိုင် အားကိုးလုပ်ဆောင်နိုင်စွမ်း ပျိုးထောင်မှု၊ သက်မွေးဝမ်းကျောင်းဆိုင်ရာ ရည်မှန်းချက် နှင့် ပင်ကိုယ် စိတ်လှုံ့ဆော်တက်ကြွမှု အစရှိတာတွေအတွက် လက်ဆောင်တွေနဲ့ အရင်းအမြစ်တွေ ဖြစ်လာမှာ ဖြစ်ပါတယ်၊" ဟု Dr. Deas မှ ပြောကြားခဲ့သည်။ "အတိုချုံးပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ Little Dolphin (လင်းပိုင်ငယ်လေး) ဆက်လက်ပြီး ပညာရေးပိုင်းမှာရော လူမှုရေးပိုင်းမှာပါ အောင်မြင်စွမ်းဆောင်နိုင်ဖို့ လုပ်ဆောင်နေစဉ်မှာ တစ်ဖက်မှာလည်း ရေစင်ပက်ဖြန်းမြူးထူးနိုင်စေဖို့ ဒီအရာတွေက အကူအညီပေးသွားမှာပဲ ဖြစ်ပါတယ်။"

ရှိုးပွဲအစီအစဉ်အတွင်း Ms. Cook သည် သူမအား စိတ်ခွန်အားဖြစ်စေခဲ့ပြီး၊ သူမ၏ ဂီတလမ်းကြောင်း ပညာရေး ခရီးစဉ်အတွင်း အဓိကကျသော ကဏ္ဍမှ ပါဝင်ခဲ့သည့် သူမ၏ ငယ်ဘဝမှဆရာဖြစ်သူ Mr. Chester Griffin မှ အထူးဧည့်သည်အနေဖြင့် လာရောက်ပါဝင်ပေးခဲ့သည့်အတွက် အထူးပင် စိတ်လှုပ်ရှား၊ ကြည်နူးခဲ့ရသည်။ Ms. Cook သည် 2001 တွင် DeKalb ကောင်တီ ကျောင်းခရိုင်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော DeKalb အနုပညာကျောင်းမှ ကျောင်းပြီးမြောက် အောင်မြင်ခဲ့သည်။ သူမသည် ဂရိတ် ခြောက်တန်းမှစတင်၍ ကျောင်း၏ သံစုံတီးဝိုင်း၌ ပါဝင်ခဲ့ပြီး၊ သူမ၏ ဆရာဖြစ်သူ Mr. Griffin သည် သူမ အထူးအားကျလေးစားရသူ ဖြစ်သည်။

"သူဟာဆိုရင် ကျွန်မ တစ်ကြိမ်တစ်ခါမှ မတွေ့ ကြုံဖူးသေးတဲ့အရာတွေနဲ့ ကျွန်မတို့ကို မိတ်ဆက်ပေးခဲ့တယ်။ သူက ကျွန်မတို့ကို Georgia ပြည်နယ်ကို အလည်ခေါ်ဆောင်သွားခဲ့တဲ့ ပထမဆုံး ဆရာတစ်ဦး ဖြစ်တယ်၊" ဟု သူမက ပြောကြားခဲ့သည်။ "ကျွန်မတို့ Alabama ကိုလည်း သွားရောက်ခဲ့တယ်၊ ပြီးတော့ Florida က ပွဲတော်ကိုလည်း အလည်သွားခဲ့တယ်။ ကျွန်မ ဆရာတစ်ဦး ဖြစ်လာချိန်မှာတော့ ဒီအခွင့်အရေးတွေဟာ ကျွန်မအတွက် ရွှေတံခါးပေါက်တစ်ခု ဖြစ်လာခဲ့တယ်၊ သေချာပေါက်ပြောရမယ်ဆိုရင်တော့ Mr. Griffin ဟာ ကျွန်မတို့ကို ဒီအခွင့်အရေးတွေ ပေးခဲ့တာပါ။ ဒီလိုတူညီတဲ့ အခွင့်အရေးတွေကို ကျွန်မရဲ့ ကျောင်းသားတွေဆီ ပေးအပ်ဖို့ စိတ်ခွန်အားဖြစ်စေခဲ့သူဟာ တကယ်တော့ Mr. Griffin ပဲ ဖြစ်ပါတယ်။"

ကံမကောင်း၊ အကြောင်းမလှသော အဖြစ်အပျက်များကြောင့် New York ရှိ Metropolitan Opera House တွင် အလားအလာကောင်းမွန်သော သက်မွေးဝမ်းကျောင်းဖြင့် လမ်းလွဲခဲ့ရပြီးသည့်နောက် 2010 တွင် Ms. Cook သည် သူမ၏ အရည်အချင်းများအား

ဂီတဆရာတစ်ဦးဖြစ်လာဖို့အတွက် မြှုပ်နှံလမ်းကြောင်းခဲ့ပြီး၊ 2011 ကတည်းကပင် Dunaire Elementary မူလတန်းကျောင်းရှိ ကျောင်းသားများအား စိတ်လှုံ့ဆော်ခွန်အားပေးနိုင်ခဲ့သည်။ မူလတန်းကျောင်းများတွင် တွေ့ ရှိရလေ့မရှိသော ရှုံးရာအစဉ်အလာဖြင့် ကွဲထွက်နေသည့် ဂီတပုံစံများအား ကျောင်းသားများထံ မိတ်ဆက်ပေးခဲ့သော သူမ၏ သင်ကြားပို့ချပုံကြောင်း သူမ၏ ကျောင်းအုပ်မှလည်း သူမအား ချီးကျူးခဲ့သည်။

"Ms. Cook ဟာ Dunaire အတွက် ဂီတကနေတစ်ဆင့် တီထွင်ဖန်တီးမှုတွေနဲ့ အသံပိုင်းဆိုင်ရာ စိတ်ခံစားချက်ဖွင့်ဟမှုတွေကို ယူဆောင်လာပေးခဲ့တယ်၊ ကျောင်းသား တော်တော်များများအတွက် ဂီတနဲ့ အသံပိုင်းကနေတစ်ဆင့် ဆက်သွယ်မှုတွေကို စူးစမ်းလေ့လာနိုင်စေဖို့ တံခါးဖွင့်ပေးခဲ့သူဖြစ်တယ်၊" ဟု Dr. Deas မှ ဆိုသည်။ "သူမရဲ့ ဦးဆောင်မှုအောက်ကနေတစ်ဆင့် ကျောင်းသားတွေဟာဆိုရင် သူတို့ သင်ယူခဲ့တဲ့အရာတွေကို ယုံကြည်မှုရှိစွာ ချပြနိုင်လာတယ်၊ တစ်ဖက်မှာလည်း အရည်အချင်းပြည့်မီတဲ့ ဂီတ အစီအစဉ်တစ်ခုမှာ တွေ့ ရှိနိုင်တဲ့ စည်းမျဉ်းသတ်မှတ်ချက်တွေကနေ သွေဖယ်သွားခြင်းလည်း မရှိပါဘူး။"

Ms. Cook သည် Orff-Schulwerk သင်ကြားပို့ချမှုနည်းစနစ်အား အသုံးပြု၍ သူမ၏ ကျောင်းသားများအား ဂီတပညာ သင်ကြားပို့ချပေးလျက်ရှိသည်။ ဤဖွံ့ ဖြိုးတိုးတက်မှုပိုင်းဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းသည် စင်စစ် ဂီတ၊ လှုပ်ရှားမှုများ၊ ဒရမ်မာပြဇာတ် နှင့် စကားပြောတို့အား အလားတူ သင်ခန်းစာများအဖြစ်သို့ ပေါင်းစပ်၍ ကလေးတစ်ဦး၏ ဆော့ကစားမှု နယ်ပယ်ကမ္ဘာထဲ မိတ်ဆက်၊ သင်ကြားပို့ချပေးခြင်း ဖြစ်သည်။ ၎င်းနည်းစနစ်အား ဂျာမန် တေးရေးတစ်ဦးဖြစ်သည့် Carl Orff နှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ Gunild Keetman တို့မှ 1920 ပြည့်နှစ်များတွင် တီထွင်ခဲ့ခြင်း ဖြစ်သည်။

"ကလေးတွေ သဘာဝအတိုင်း လုပ်ဆောင်ရတာ နှစ်သက်တဲ့ အရာတွေကို ယူဆောင်ပြီး၊ အဲ့ဒီနည်းလမ်းအတိုင်း ကလေးတွေကို ဂီတ အယူအဆတွေ သင်ကြားပေးတယ်၊" ဟု Ms. Cook မှ ဆိုသည်။ "ကလေးတွေကို ကျွန်မ ဖြစ်စေချင်လိုတဲ့ အရေးအကြီးဆုံးအရာကတော့ ဖန်တီးမှုပိုင်းမှာ ကလေးတွေ သင်ယူရတာ သက်တောင့်သက်သာရှိဖို့ပဲ ဖြစ်ပါတယ်။"

Ms. Cook ၏ ပတ္တလားအဖွဲ့ ကျောင်းသားများထဲမှ ကျောင်းသားတစ်ဦးသည် အဖွဲ့အတွက် တေးဂီတများအား ကူညီ ရေးစပ်၊ စီစဉ်ပေးသည်။

"ဒီလိုနည်းနဲ့ ဂီတရေးစပ်ဖန်တီးပြီး၊ လူတော်တော်များများဟာ ဝင်ငွေရှာဖွေကြတာ ဖြစ်ပါတယ်၊" ဟု သူမက ဆိုသည်။ "တေးရေးဆရာတွေက ဘယ်ကနေ ဖြစ်လာတယ်လို့ သင် ထင်လဲ။ သူတို့ဟာ ဒီအဆင့်ကနေပဲ စတင်ကြတာပါ။"

Ms. Cook သည် သူမ၏ လူမှုမီဒီယာ စာမျက်နှာများပေါ်၌ သူတို့ ပတ္တလားဂီတအဖွဲ့၏ ဗီဒီယိုများအား လွှင့်တင်ခဲ့ပြီးသည့်နောက် အဖွဲ့သည် လျှင်မြန်စွာပင် လူသိများ ထင်ရှားလာခဲ့သည်။ တက်သစ်စ လူသိများလာမှုများမှတစ်ဆင့် နိုင်ငံတစ်ဝှမ်း နှင့် နိုင်ငံတကာ ပွဲများတွင် ပါဝင်ရန် ဖိတ်ကြားမှုများကို လက်ခံရရှိခဲ့ပြီး၊ ဤတွင် Ms. Cook ကျောင်းနေစဉ်အခါက ပါဝင်ခဲ့သော Florida မှ ပွဲတော်သည်လည်း အပါအဝင် ဖြစ်သည်။ ၎င်းတို့၏ အသိအမှတ်ပြုရလောက်သော အောင်မြင်မှုများကြောင့်ပင် အခြားသော ဂီတ ဆရာ၊ဆရာမများထံသို့ Ms.Cook ၏ သင်ကြားပုံနည်းလမ်းများအား တစ်ဆင့် ပြန်လည်ဝေငှပို့ချပေးရန်လည်း ဖိတ်ကြားခံခဲ့ရသည်။

ဇန်နဝါရီလ၌ သူမသည် Arkansas ရှိ ဆေးပေးခန်းတစ်ခု၌ ရှိနေခဲ့ပြီး၊ မူကြိုကျောင်း တေးသွားကဗျာများအား ဟစ်ဟော့ပ် သီချင်းများအဖြစ်သို့ သူမ ပြောင်းလဲခဲ့သည့် နည်းစနစ်များအပြင် သူမ၏ သင်ကြားပို့ချပုံ နည်းလမ်းများအား အခြားသော ဂီတ ဆရာ၊ဆရာမများထံသို့ မျှဝေပို့ချပေးခဲ့သည်။ ဆေးပေးခန်း၌ရှိစဉ် Little Rock ကျောင်းခရိုင်မှ စီမံဆောင်ရွက်သူတစ်ဦးသည် "Jack and Jill" တေးကဗျာအား သီဆိုခဲ့သည်။ အဆိုပါတေးသွားသည် အလွန်ပင် လှပလွန်းသဖြင့် Ms. Cook မှ အသံသွင်းရိုက်ကူးခဲ့ပြီး၊ သူမ၏ လူမှုမီဒီယာ စာမျက်နှာများပေါ်တွင် ပြန်လည် မျှဝေခဲ့သည်။ အဆိုပါဗီဒီယိုအား ကြည့်ရှုသူ တစ်သန်းကျော် ရှိခဲ့သည်။

၎င်းဗီဒီယိုသည် The Kelly Clarkson Show နှင့် America's Got Talent အစီအစဉ်များမှ ထုတ်လုပ်သူများ၏ အာရုံကို ဖမ်းစားနိုင်ခဲ့သည်။ သူမ နှင့် သူမ၏ ကျောင်းသားများအတွက် လမ်းဖွင့်ပေးခဲ့သော အခွင့်အလမ်းများအတွက် အလွန်ပင် ကျေးဇူးတင်မိကြောင်း Ms. Cook မှ ဖွင့်ဟပြောကြားခဲ့ပြီး၊ သူတို့၏ ဂီတအပေါ် ချစ်မြတ်နိုးမှုအား ဆက်လက် အားပေးသွားဖို့ရန် မျှော်လင့်မိကြောင်း သူမမှ ဆိုသည်။

"ဒီအဆင့်အထိရောက်လာတဲ့အခါမှာတော့ သူတို့တွေကို ဒီဂီတနဲ့ ချစ်ကျွမ်းဝင်စေလိုပါတယ်၊" ဟု သူမက ဆိုသည်။ "သူတို့ ဘာတွေပဲလုပ်နေနေ သူတို့တွေကို တစ်သက်တာ ဂီတဖန်တီးသူ ပညာရှင်တွေ ဖြစ်လာစေလိုပါတယ်။"